အထွင့်ကျေးရွာ

အထွင့်အုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

---

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အထွင့်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဇွန်လ၊ ၂၀၂၂

## မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ ၁

စကားချီး ၂

အထွင်ရွှေကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃

အထွင်ရွှေကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့်၄င်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
- (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
- (ခ) ကဏ္ဍာ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
- (ဂ) ဦးစားပေး စီမံချက်များ
- (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၂

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၃
- (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍာ
- (ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
- (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
- (ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၄
- (က) ကြီးကြပ်စစ်ဆေးခြင်း
- (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
- (ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၆

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာခနေအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

**(၂) ကဏ္ဍာအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**
**ကိုးကားစာရင်း**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇွန်လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အထွင့်ကျေးရွာ
ဇလွန်မြို့နယ်

အထွင့်အုပ်စု၊ အထွင့်ကျေးရွာ ကျေးရွာအရင်းအမြစ်ပြမြေပုံ



# အထွင့်အုပ်စု၊ အထွင့်ကျေးရွာ ရာသီခွင်ပြက္ခဒိန်



အထွင့်ကျေးရွာ

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | စိုက်ပျိုးရေး | ပေါင်းသင် | ထယ်ရေး မြင် | စိုက်ပျိုး | အစာကျွေး | ပေါင်းသင် | အစာကျွေး | ရိတ်သိမ်း | ပဲစိုက် | ဆေးဖျန်း | ပေါင်းသင် ဆေးဖျန်း | ပဲနှုတ် | ပဲနှုတ် |
| ၃။ | အလုပ်အကိုင် | ရေတာ | ရေတား | ရေတား | ရေတား | ရေတား | ရေတား | ရေတား | ရေတား | ရေတား | ရေတား | ပဲနှုတ် | ပဲနှုတ် |
| ၄။ | [illegible] | ပေါင်းရှင်း | ပေါင်းရှင်း | မြေဖြင့် | ကွမ်းစိုက် | ဆေးဖျန်း | ကွမ်းခူး | ကွမ်းညွန့် ညှပ် | အစာကျွေး | ကွမ်းခူး | ကွမ်းခူး | ကွမ်းခူး | ကွမ်းညွန့် ညှပ် |
| ၅။ | မွေးမြူရေး | | | | | | | ဝက်မွေး | အစာကျွေး | အစာကျွေး | ဝက်ရောင်း | | |
| ၆။ | ပွဲတော် | ရေသဘင် ပွဲ | | | | | | နိဗ္ဗာန်ဈေး ပွဲတော် | ကထိန်ပွဲ | | | | ဘုရားပွဲ |
| ၇။ | ရောဂါ | | | ဝမ်းပျက် ဝမ်းလျှော | သွေးလွန် တုပ်ကွေး | သွေးလွန် တုပ်ကွေး | | | | ရာသီတုပ် ကွေး | ရာသီတုပ် ကွေး | | |
| ၈။ | ဝင်ငွေ ထွက်ငွေ | | | | | | | | | | | | |

၉။ ရက်စွဲ - 26.1.2021 ရေးဆွဲသူ - ဒေါ်ဖြိုးမမ

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက် များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်း အနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အထွင်ရှုကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဇလွန်မြို့နယ် အထွင်ရှု အုပ်စုအတွင်း၌တည်ရှိပြီး ဇလွန်မြို့၏ မြောက်ဘက်တွင် တည်ရှိပါသည်။ အထွင်ရှု ကျေးရွာသည် မြောက်ဘက်တွင် ရွာကန့်လန့်ကျေးရွာ၊ အရှေ့ဘက်တွင် ငြိမ်းအေးကျေးရွာတို့နှင့် ထိစပ် လျက်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၅၄)ခန့်တွင် တည်ရှိပါသည်။ တစ်နှစ်လုံးတွင် (၅)လခန့် မိုးရွာသွန်းပြီး၊ ဆောင်းရာသီ၌ အသင့်အတင့်အေး ကာ နွေရာသီကာလများ၌ ယခင် နွေကာလများထက်တဖြည်းဖြည်းပို၍ပူလာသည်ကို တွေ့ကြုံရပါသည်။ အထွင်ရှုကျေးရွာသည်

ဇလွန်မြို့နယ်နှင့် (၆)မိုင် ခန့်ကွာဝေးပြီး လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် ရွာတွင်းလမ်းများ အရှေ့၊ အနောက်သွယ်တန်းထားသည့် ရွာတန်းရှည်ပုံစံဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသ ဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန် လက်မမှာ (၄၀)အထက်ရှိပြီး ကိုင်းမြေသည် စပါး၊ ပြောင်း၊ ပဲအမျိုးမျိုးနှင့် ငရုပ်၊ ခရမ်းချဉ်တို့ကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

အထွင့်ကျေးရွာတွင် ကျောက်နှင့်သဲ၊ တွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုး စိတ် များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းများအတွက် နွားအသုံးပြုမှုရှိသောကြောင့် နွားစာအတွက် မြက်များကို လယ်တောများတွင်အလွယ်တကူရရှိနိုင်ပါသည်။ စားကျက်မြေသီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင် အပင်များ ဖြစ်သော ဝေးတောက်ပင်၊ ကျောက်မှန်းရွက်ပင်၊ ကနဖော့ပင်၊ ဆင်နှာမောင်းပင်၊ သရင်းကျီးပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ ဘောက်ပင်၊ ဆင်တုံးမနွယ်ပင်များ ရှိပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အထွင့်ကျေးရွာတွင် အိမ်ခြေ(၁၃၂)အိမ်၊ အိမ်ထောင်စု (၁၃၂)နှင့် လူဦးရေ (၄၇၆)ဦး၊ ကလေးငယ်အရွယ်(၆)%၊ ကျောင်းနေအရွယ်(၁၈)%၊ အလုပ်လုပ်နိုင်သော အရွယ်(၆၇)%၊ သက်ကြီးရွယ်အို(၉)%ရှိပါသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၁)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပါသည်။ ကျေးရွာတွင်အမျိုးသား(၂၂၄)ဦး၊ အမျိုးသမီး(၂၅၂)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့်အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကိုထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် ကိုင်းစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစု အပိုဝင်ငွေ ရရှိရေးတစ်ပိုင်တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်သူ(၅၅)%၊ ကိုင်းလုပ်ငန်းများတွင် ရာသီအလိုက်နေ့စား အလုပ်လုပ်ကိုင်သူ(၄၅)%၊ အပ်ချုပ်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူနှင့်ပညာရေးဝန်ထမ်းလုပ်ကိုင်သူများလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေကေ(၂၈)ကေ၊ ခြံမြေ (၈) ကေ၊ ကိုင်းကေ(၉၆)ကေ၊ စုစုပေါင်း(၃၃၂) ကေ ဖြစ်ကြောင်း၊ ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာ၏ ဉစ္စာခနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၁၅အိမ် (၁၁%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၄၀အိမ် (၃၀%)၊ ဆင်းရဲသော အိမ်ထောင်စု ၇၅အိမ်(၅၇%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စု(၂)အိမ် (၂%)လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသောအိမ်ထောင်စုများမှာ ကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး (၅)ကေအထက် ကိုင်းမြေများ ပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ ကိုင်းလုပ်ငန်းသုံးထွန်စက်ငယ်များပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ် အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ကိုင်းလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး (၃)ကေနှင့်(၅)ကေကြား လယ်မြေများပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ် အများဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ ရာသီအလိုက် နေ့စားကျပန်း လုပ်ကိုင်ကြသော မြေယာမဲ့များလည်းရှိကြောင်း၊ (၂)ကေ အောက်ပိုင်ဆိုင်သူများ လည်းရှိကြောင်း၊ ဝါးအိမ်များဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အထွင့် ကျေးရွာတွင် အိမ်ထောင်စု(၁၃၂)အနက် မြေယာမဲ(၄၅) %ရှိကြောင်း၊ ဆင်းရဲသားတောင်သူ(၁၅)%ရှိကြောင်း၊ တောင်သူငယ် အိမ်ထောင်စု(၂၁)%ရှိကြောင်း၊ စိုက်ပျိုးမြေယာကေ(၅)ကေနှင့်(၁၂.၅)ကေကြား ပိုင်ဆိုင်သူ တောင်သူလတ်အိမ်ထောင်စု (၁၇)%ရှိကြောင်း၊ စိုက်ပျိုးမြေယာကေ(၁၂.၅)ကေ အထက် ပိုင်ဆိုင်သူ တောင်သူကြီးအိမ်ထောင်စု (၁)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာသည် ကိုင်းအားအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် ကိုင်းစိုက် ပျိုးရေး သုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၄)စီး၊ လက်တွန်းထွန်စက်(၂)စီး၊ ရိတ်သိမ်ခြွေလှေ့စက် (၁)စီး၊ ရိတ်သိမ်းစက်(၂)စီး၊ ရေစုပ်စက်(၅၄)စီး၊ ထွန်စက်အားငှားရမ်းလုပ်ကိုင်နေသော တောင်သူ (၇၁)ဦး ရှိကြောင်း၊ ရိတ်သိမ်းခြွေလှေ့စက်အား ငှားရမ်းလုပ်ကိုင်နေသောတောင်သူ(၇၁)ဦး၊ ရိတ်သိမ်း စက်အားငှားရမ်းလုပ်ကိုင်နေသောတောင်သူ(၇၁)ဦးရှိကြောင်း၊ ကျေးရွာတွင်းရှိ အခြားဝင်ငွေရ လုပ်သားများမှ ရာသီမရွေးအလုပ်မလုပ်ကိုင်နိုင်ခြင်းကြောင့် ဝင်ငွေ/ထွက်ငွေမမျှတ၍ စီးပွားရေး အခက်အခဲ နှစ်စဉ်ကြုံတွေ့နေရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

အထွင့်ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၁၃၂)အနက် (၃)လအောက် ဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသော အိမ်ထောင်စုပေါင်း (၂၃)အိမ်ရှိပြီး ဝမ်းစာ မဖူလုံသောအိမ်ထောင်စုများမှာလည်း အသက်အရွယ်ကြီးရင့်၍အိုမင်းမစွမ်းသောအိမ်ထောင် စုများ၊ မိသားစုဝင်များပြားပြီး ကလေးငယ်များသော အိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရ ပါသည်။

အထွင့်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ် အို(၆၄)နှစ် နှင့် အထက်ဦးရေများ၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ်ရှိသည့် အိမ်ထောင်စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု၊ အခြားဒေသသို့ ကြာမြင့်စွာသွားရောက်

လုပ်ကိုင်နေသော ဆင်းရဲသည့်အိမ်ထောင်စုများမရှိသောကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်နေသော အုပ်စုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ရွာကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက် သက်ရောက်မှုများမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ (၃)အောက် စားနပ်ရိက္ခာ မဖူ လုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေ အနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ်တော ပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ၊ တိရစ္ဆာန်ကူး စက်ရောဂါကျရောက်မှု၊လူကုန်ကူးမှုစသည့် ထိခိုက်မှုမျိုး မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အထွင့်ရွာကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက်အုပ်စု ကဏ္ဍအလိုက် ခွဲခြား သတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက် သက်ရောက်မှုနိမ့်ကြောင်း၊ လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက် ရောက်မှုအနည်းအကျဉ်းသာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

အထွင့်ရွာကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှု နည်းပါးကြောင်း၊ ရာသီချိန်များတွင် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ် ကွေးစသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

အထွင့်ရွာကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မည်သည့် ကာကွယ်ဆေးမျှ လာရောက် ထိုးနှံမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ရွာကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ အနေဖြင့် ကျေးရွာ နှင့်(၁)မိုင်အကွာ ကလောတွင် တိုက်နယ်ဆေးရုံရှိပြီး ဆေးရုံအတွင်းတွင် အခန်း၊ ကုတင် ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့်(၆)မိုင်အကွာ မြစ်တစ်ဖက်ကမ်းတွင် ဇလွန် မြို့နယ်ပြည်သူ့ ဆေးရုံကြီးရှိပြီး လိုအပ်သော အခန်း၊ ကုတင် ပြည့်စုံလုံလောက်မှုရှိပါသည်။ သို့သော် ကျေးရွာ သည် မြစ်ကူးချောင်းဖျားကျေးရွာဖြစ်သောကြောင့် ပွင့်လင်းရာသီတွင် ခက်ခဲမှုအနည်းအကျဉ်း ရှိသော်လည်း မိုးတွင်းအခါ ကျေးရွာသည် ဆက်သွယ်ရေးခက်ခဲပြီး လမ်းပန်းဆက်သွယ်ရေးညံ့သော ကျေးရွာဖြစ်သောကြောင့် ကျေးရွာအတွင်းတွင် ကျေးလက်ဆေး ပေးခန်းတည်ဆောက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

အထွင့်ကျေးရွာတွင် စာမတတ်သူ ကျား(၂)ဦး၊ မ(၇)ဦး၊ စုစုပေါင်း(၉)ဦး၊ (၂)%ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၈၁)ဦး၊ မ(၁၁၄)ဦး၊ စုစုပေါင်း (၁၉၅)ဦး၊ (၄၁)%ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၃၃)ဦး၊ မ(၃၃)ဦး၊ စုစုပေါင်း(၆၆)ဦး၊ (၁၄)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၁၉)ဦး၊ မ(၁၈)ဦး၊ စုစုပေါင်း(၃၇)ဦး၊ (၈)% ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၄)ဦးမ(၁၀)ဦး၊ စုစုပေါင်း(၁၄)ဦး၊ (၃)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၁၇)ဦး၊ မ(၉)ဦး၊ စုစုပေါင်း(၂၆)ဦး၊ (၁၉)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၉)ဦး၊ မ(၂၀)ဦး၊ စုစုပေါင်း (၂၉)ဦး၊ (၇၁)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၇)ဦး၊ မ(၉)ဦး၊ စုစုပေါင်း (၁၆)ဦး၊ (၅)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၂)ဦး၊ မ(၆)ဦး၊ စုစုပေါင်း(၈)ဦး၊ (၃)%ရှိကြောင်း တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

အထွင့်ကျေးရွာအလယ်ပိုင်းတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ အခြေခံပညာ မူလတန်းကျောင်းတွင် (၅၀’x၃၀’) အတိုင်းအတာရှိ ကွန်ကရစ်(၁)ဆောင်ရှိကြောင်း၊ ကျောင်း အိမ်သာ မှာလည်း ကောင်းမွန်ပြီး ဆရာ/ဆရာမများ၊ ကျောင်းသား/သူများအတွက် လုံလောက်မှု ရှိကြောင်း၊ (၂)ခန်းတွဲအိမ်သာဖြစ်ကြောင်း၊ ကျောင်းဆရာ/ ဆရာမစုစုပေါင်းကျောင်း ကျောင်းဆရာမ (၅)ဦး၊ စုစုပေါင်း(၅)ဦးတို့ရှိပြီး ဆရာ၊တပည့် အချိုးကိုက်ညီမှုရှိကြောင်း၊ ကျောင်းတွင် အာဟာရတိုက် ကျွေးမှုများမှာလည်း ရွာမှဖြစ်စေ ဆရာ/မ များမှဖြစ်စေ အလှူရှင်ရှိ ပါကလည်း တိုက်ကျွေးမှု များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ပညာရေးနှင့် ပတ်သက်၍ အခက်အခဲမရှိ၊ အဆင်ပြေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

အထွင့်ကျေးရွာရှိ ကျားမရေးရာအခန်းကဏ္ဍပါဝင်နှင့် ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက် သော်လည်း အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင်အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း ။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရား မျှတမှုဆိုင်ရာများအတွက် ကျေးရွာသူ /ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင် ရှိပါ ကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာသည် လယ်လုပ်ငန်းတစ်မျိုးတည်းအဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ် သဖြင့် ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခ နှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၄၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခ နှုန်းထား အများဆုံးမှာ (၄၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၃၀၀၀)ကျပ်ဖြစ်ကြောင်း၊ လက်သမားများမှာ အများဆုံး(၇၀၀၀)ကျပ်၊ အနည်းဆုံး(၅၀၀၀)ကျပ်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ကျား၊မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့် ကောင်းများရှိပါသည်။ ကျေးရွာသူ ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် လေးကျွန်းစကြာ်စေတီတော်၊ ရွာဦးဘုန်းတော်ကြီးကျောင်း၊ ရွာဘုံရေချမ်းစင်၊ ကျေး ရွာ စာသင်ကျောင်းတို့ရှိသဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦ သင့်တင့်ကောင်းမွန်ပါသည်။

အထွင်မြို့ရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်းလူထုအခြေပြု အဖွဲ့အစည်း များမှာ အုပ်ချုပ်ရေးအဖွဲ့၊ မိဘဆရာအသင်းတို့ရှိပြီး လူမှုရေးကိစ္စအဝဝတွင် ဦးစီးဦးဆောင်ပြုကြကြောင်း၊ မဟာ၊ သမဝါယမ၊ Patch ချေးငွေ အဖွဲ့တို့လည်းရှိကြောင်း၊ ဓမ္မစကူးဖောင်ဒေးရှင်းလည်း ရှိကြောင်း တွေ့ရှိရပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

သရက်ချောင်းကျေးရွာသည် စပါးနှင့်မတ်ပဲအား အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး မိုးစပါး (၁)ကေ ပျမ်းမျှအထွက်နှုန်း(၉၀)တင်း၊ မတ်ပဲ(၁)ကေပျမ်းမျှ အထွက်နှုန်း (၅)တင်း၊ နွေစပါး (၁)ကေပျမ်းမျှအထွက်နှုန်း (၁၀၀)တင်းနှုန်းဖြစ်ကြောင်း၊ ငရုပ်(၁)ကေပျမ်းမျှအထွက်နှုန်း (၂၅၀) ပိဿာဖြစ်ကြောင်း၊ပြောင်း(၁)ကေပျမ်းမျှအထွက်နှုန်း(၆၀)တင်းထွက်ရှိကြောင်း၊ သီးနှံများ အတွက် ပံ့ပိုးရသော သွင်းအားစု လိုအပ်ချက်မှာပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှု အကျိုးအမြတ် ရရှိမှု များမှာလည်း သင့်တင့်ကောင်းမွန်ကြောင်း၊ စပါးကို အဓိကထားအားထား စိုက်ပျိုးရာဒေသ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင်မြို့ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းကောင်းများမှာ လယ်အဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်မြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်း အားစုများ ဝယ်ယူ ရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေး အတွက် လိုအပ်သော သွင်းအားစုရေကိုရေဝတီမြစ်မှတိုက်ရိုက် ရရှိနိုင်ခြင်း၊ လယ်မြေဆီမြေလွှာ ကောင်း မွန်ခြင်းတို့ဖြစ်ကြပါသည်။

ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်စက်များ၊ လက်တွန်းထွန်စက်များ၊ အစေ့ချစက်များ၊ ခြွေလှေ့စက်များ၊ ရေစုပ်စက်များ၊ မြက်ရိတ်စက်များဖြင့် အသုံးပြု၍ ထုတ်ကုန်များ ရရှိရန်အသုံးပြုပါသည်။ စိုက်ပျိုးရာတွင် ရာသီဥတုသင့်တင့်ခြင်း၊ စိုက်ပျိုးရေရရှိမှုပေါ်များကောင်းမွန်ပါသည်။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများလည်း စိုက်ပျိုးရေးအတွက် ရရှိပါသည်။ စိုက်ပျိုးရေးသုံးသီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားများကိုလည်း စိုက်ပျိုးရေးအတွက် ရရှိနိုင်ပါသည်။

အထွင့်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု (၁၉)အိမ် အကောင်ရေ(၂၅)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၁၂)အိမ် အကောင်ရေ (၃၂) ကောင်၊ ကြက်မွေးမြူသောအိမ်ထောင်စု (၄၄)အိမ် အကောင်ရေ (၃၂၈)ကောင်၊ ဆိတ်မွေးမြူသော အိမ်ထောင်စု (၁)အိမ် အကောင်ရေ (၇)ကောင်၊ မြင်းမွေးမြူသောအိမ်ထောင်စု(၃)အိမ်၊ အကောင်ရေ(၄)ကောင်ရှိကြောင်း၊ ကျွဲ၊ မြည်း၊ လား၊ သိုး မွေးမြူသော အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ဘဲတစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ပတ်သက်၍ မြစ်ထဲတွင် ဟင်းစားအဖြစ် ရှာဖွေစားသောက်ကြကြောင်း၊ အနောက်ဘက်ကမ်းကျေးရွာများထက် နွားအားပိုမွေးကြပြီး နွားဖြင့် ကိုင်းလုပ်ငန်းများတွင် ခိုင်းစေသည့် ဓလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် ကိုင်းစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေး တစ်ပိုင် တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်သူ(၅၅)%၊ လယ်လုပ်ငန်းများတွင်ရာသီအလိုက်နေ့စား အလုပ်လုပ်ကိုင်သူ (၄၅)%၊ အထွင့်သရက်ချောင်းကျေးရွာသည် ဇလွန်မြို့နှင့် (၆)မိုင်ကွာဝေးခြင်းတို့ကြောင့် လျှပ်စစ်မီးမရရှိသေးသည့် အတွက်စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများ မရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

**အထွင်္ဒ**ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံ ခန့်ခွဲမှုစနစ်၌ ကိုင်းအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့်ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှထွက်ရှိ သောအမှိုက်များအား မြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊နေအိမ်များမှထွက် ရှိသည့်စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့် သီးသန့်နေရာ စီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်း များတွင် ဖျက်ပိုးကျရောက်မှု ဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန်သဘာဝမြေသြ ဇာသုံးစွဲမှုနည်းပါးပြီးအလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာအသုံးပြုလေ့ရှိကြောင်း ၊ စိုက်ပျိုးရေးမျိုးကောင်း မျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ကိုင်းသမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်း ပြား ၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း ၁.၅ကျပ်)နှင့် မဟာ၊ သမ၊ ပက်မြန်မာ ချေးငွေ(အတိုးနှုန်း ၂ကျပ်)တို့ဖြင့် စားဝတ်နေရေးနှင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ငွေတိုးချေးသူများထံမှ (အတိုးနှုန်း၅ကျပ်) နှုန်းဖြင့် ချေးယူသူအနည်းအကျဉ်းမျှသာရှိပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိက အားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြ ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊အလွန်ဆင်းရဲ အိမ်ထောင်စုများ၏အကြွေးတင်ရှိမှုကို လေ့လာ ဆန်းစစ်ချက်အရ အကြွေးတင်ရှိမှုနည်းပါးကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အထွင်္ဒကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်) အသုံးပြုသူ အိမ်ထောင်စု(၂၄)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု (၆၈)အိမ်၊ ရေတွင်း အသုံးပြုသူအိမ်ထောင်စု(၂)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တွင်းမရှိ၍ ပေါင်းစပ်အသုံးပြုသူ အိမ်ထောင်စု (၃၈)အိမ်ရှိကြောင်း၊ တုံကင်တွင်းတို့မှ နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင်္ဒကျေးရွာတစ်ရွာလုံး ရေလောင်း/ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ညံ့နေပါ သည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက်များကို စနစ်တကျမထားခြင်း၊ ပလတ်စတစ်အိပ်များ အ လွယ်တကူစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံးဆေးဝါးများ လွန်ကျွံစွာသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံးဗူးခွံများအား လယ်/ကိုင်းထဲတွင် အလွယ်တကူ စွန့်ပစ်သည် များကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် လက်ကမ်းစာစောင်ပေးခြင်း၊ ကွင်းဆင်း၍ သင်တန်းများ ပို့ချသင့်ကြောင်း အကြံပြုအပ်ပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

**အထွင့်ရှ**ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေး ဆိုင်ရာ ကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလူငယ်လူရွယ်များ စာပေဗဟုသုတများစိတ်ဝင်စားလာစေရန်၊ ကျေးရွာသူကျေးရွာသားများစုပေါင်း၍ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်း၊ လူငယ်များအပန်းဖြေရန် နေရာမရှိ၍ ရွာပွဲတော်များတွင်သာ ဆင်နွှဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

အထွင့်ရှကျေးရွာတွင် ရွာလယ်လမ်းမကြီး၊ ရေကာတာ၊ ချောင်းဖြတ်လှည်းလမ်းနှင့် ကုန်ထုတ်လမ်းမကြီးတို့လည်းရှိပါသည်။

အထွင့်ရှကျေးရွာသည် လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၉၈)အိမ် (၇၄)%၊ ဖယောင်းတိုင်အသုံးပြုသူအိမ် ထောင်စု (၃၄)အိမ် (၂၆)%ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အထွင့်ရှကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များရရှိရေး အတွက် ဖုန်း(၁၃၂)လုံး၊ ရေဒီယို(၁၀)လုံး၊ တီဗွီ(၄၈)လုံး၊ ဂြိုလ်တုစလောင်း(၄၀)လုံးဖြင့်အသုံး ပြုနိုင်မှုရှိကြောင်း၊ အင်တာနက်လက်လှမ်းမီသည့်အိမ်ထောင်စု(၁၀၂)အိမ်ရှိကြောင်း၊ **mpt**၊ **telenol**၊ **ooredoo**၊ **mytel** ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ် အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ရှကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၆)မိုင် ကျော်ကွာ ဝေးသော အနီးဆုံးဈေး“ဇလွန်ဈေးဟောင်း’သို့သွားလာကြပြီးစားသောက်ကုန် (ကုန်စိမ်း၊ကုန် ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂ များဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက်(၂၄)မိုင် အထက် ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ ကား/ ထော်လာဂျီတို့ဖြင့် ဆက်သွယ် သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ စက်လှေ(၅)စီး၊ စက်ဘီး (၄၆)စီး၊ မော်တော်ဆိုင်ကယ်(၆၅)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ နွားလှည်း(၃)စီးတို့ဖြစ်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

**အထွင့်**ကျေးရွာတွင်လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲ မှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသား များမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လူထု အခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့်ပတ်သက်သော နည်းပညာများ၊ လက်ကမ်းစာ စောင်များ၊ သင်တန်းများ လာရောက်ပြုလုပ်တတ်ပါသည်။ ရွာတည်ငြိမ်အေးချမ်းရေးအတွက် ရဲ ဘက်ဆိုင်ရာများမှ မှူခင်းကာကွယ်တားဆီးလျှော့ချရေးဝန်ဆောင်မှုများ ပေးလေ့ရှိပါသည

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

**အထွင့်**ကျေးရွာတွင် ရွာဘုံရေချမ်းစင်ရှိခြင်း ဘုန်းတော်ကြီးကျောင်းရှိခြင်း၊ စေတီရှိခြင်း၊ စာသင်ကျောင်းရှိခြင်းတို့ကြောင်း အခြေခံအဆောက်အဦ သင့်တင့်ကောင်းမွန်မှုရှိပါသည်။

အထွင့်ကျေးရွာတွင် မိဘဆရာအသင်း၊ အုပ်ချုပ်ရေးအဖွဲ့တို့ရှိပြီး ကျေးရွာသူကျေးရွာသား များအားလုံးနှင့် အသင်းနှင့်ပေါင်းစပ်၍ သာရေး၊ နာရေးကိစ္စအဝဝပူးပေါင်းဆောင်ရွက်သောကြောင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းပါကြောင်း၊ မဟာ၊ ပက်မြန်မာ၊ သမဝါယမ ချေးငွေအဖွဲ့တို့ရှိ သောကြောင့် ကိုင်းလုပ်ငန်းများအတွက် ချေးငွေ လက်လှမ်းမီမှုရှိပါကြောင်း လေ့လာတွေ့ရှိရပါ သည်။

အထွင့်ကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ လည်း အမျိုးသားများနှင့်အတူ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ခ) အဟာရနှင့်အတားနှင့် စိန်ခေါ်မှု**

အထွင့်ကျေးရွာတွင်းရှိ ရွာတွင်းလမ်းမှာ အကျယ်(၃)ပေ ကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်း ကျဉ်းဖြစ်ပါသည်။ လက်ရှိ(၃)ပေအကျယ်လမ်းအား ထပ်ပိုး၍ (၄)ပေအကျယ် ခင်းနိုင်ပါက ကျေးရွာ ဆက်သွယ်သွားလာရေးတွင်သာမက ယာဉ်များ အတိမ်းအရှောင်၊ ကျန်းမာရေးကိစ္စအဝဝတွင် သုံးဘီးကားများ အဆင်ပြေစွာဖြတ်ကူးသွားလာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အထွင့်ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် (၁)မိုင်ကျော် ကလောတွင် တိုက်နယ်ဆေးရုံရှိခြင်း၊ ဆေးရုံအတွင်းတွင် အခန်း၊ ကုတင် ပြည့်စုံလုံ လောက်မှုရှိခြင်း၊ ကျေးရွာနှင့်(၆)မိုင်အကွာတွင် ဇလွန်ပြည်သူ့ဆေးရုံ ကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင်ပြည့်စုံ လုံလောက်မှုရှိသော်လည်း မြစ်တစ်ဖက်ကမ်းကျေးရွာဖြစ်ပြီး မြစ်ကူးချောင်းဖျားကျေးရွာဖြစ်သော ကြောင့် ကျေးရွာဆေးပေးခန်းလိုအပ်ချက်ရှိပါသည်။

အထွင့်ကျေးရွာသည် လက်ရှိတွင် ဆိုလာနှင့် ဖယောင်းတိုင်မီးသာ အသုံးပြုနေရပြီး လျှပ်စစ်မီးမရခြင်းကြောင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်မှုမရှိကြောင်း လေ့ လာတွေ့ရှိရပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းလမ်း(၂၀၀၀'x၄'x၆") ကွန်ကရစ်လမ်း အဆင့်မြှင့်တင် အကောင် အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၂) ကျွန်ုတို့သည် လျှပ်စစ်မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆောင်ရွက်သွားမည်။

(က.၄)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာစာသင်ကျောင်းဆောင်အား အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်။

(က.၅)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းလမ်း(၂၀၀၀'x၄'x၆") ကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် ကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့်ချိတ်ဆက်၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၂) ကျွန်ုတို့သည် လျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ရန် လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ကျေးလက်ဦးစီးဌာနမှ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဝင်ငွေတိုးသင်တန်းများအား ချိတ်ဆက်တက်ရောက်နိုင်ရေးတင်ပြဆောင်ရွက်သွားမည်။

(က.၄)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာစာသင်ကျောင်းဆောင်အားအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(က.၅)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်းဆောင်ရွက်နိုင်ရန် ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ တင်ပြဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြု စုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှ တစ်ဆင့် ကျွန်ုပ် တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော် ထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရ ထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့ မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက် များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ)** ကျေးရွာတွင်းလမ်း **ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

အထွဋ်ကျေးရွာအတွင်းရှိ ရွာတွင်းလမ်းမှာ (၃)ပေအကျယ်ကွန်ကရစ်လမ်းကျဉ်းဖြစ်သော ကြောင့် ကုန်ထုတ်ယာဉ်များ ဖြတ်သန်းဆက်သွယ်သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်း(၂၀၀၀'x၄'x၆")အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်။

(ခ)**လျှပ်စစ်**

အထွဋ်ကျေးရွာသည် ကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်လိုသော်လည်း လျှပ်စစ်မီးမရသေးသည့်အတွက် လျှပ်စစ်မီးရရှိရေးလျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှ လည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ဃ) အလုပ်အကိုင်အခွင့်အလမ်းရရှိရေး

အထွဋ်ကျေးရွာသည် ကျေးရွာသူကျေးရွာသားများ လယ်ယာကိုင်းလုပ်ငန်း တစ်ခုသာရှိ သည့်အတွက် မိုးတွင်းအခါ လက်လုပ်လက်စားများ စားဝတ်နေရေးပိုမိုချောင်လည်စေရန် အသက် မွေးဝမ်းကျောင်းအထောက်အကူပြုနိုင်သည့်ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ကျေးလက်ဦးစီးမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းသင်တန်းများအား တက်ရောက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်သွားမည်။

(င) စာသင်ကျောင်းအဆင့်မြှင့်တင်ခြင်း

အထွဋ်ကျေးရွာသည် စာသင်ကျောင်းဆောင်မှာ သင့်တင့်ယုံသာရှိပါသဖြင့် စာသင်ကျောင်း ဆောင်အား ပိုမိုကောင်းမွန်သော စာသင်ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်လိုကြောင်း လေ့လာ တွေ့ရှိရပါသည်။

(စ)ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

အထွင့်ကျေးရွာသည် အဓိကဆက်သွယ်ရေးလမ်းမကြီးနှင့် အလှမ်းကွာဝေးပြီး ဆက်သွယ်သွားလာရေး ခက်ခဲမှုရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုများ အဆင်ပြေစေရန် ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကို လည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကျေးရွာတွင်းလမ်း **ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

(၂) လျှပ်စစ်မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၃) အလုပ်အကိုင်အခွင့်အလမ်းရရှိရေးဆောင်ရွက်ခြင်း

(၄) စာသင်ကျောင်းဆောင်အားအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း်

(၅) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်း**ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း** | ၁ | ✔ | | | | |
| ၂။ | လျှပ်စစ်မီးလင်းရေးအကောင်အထည် ဖော်ဆောင်ရွက်ခြင်း | ၂ | | ✔ | ✔ | ✔ | ✔ |
| ၃။ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆောင်ရွက်ခြင်း | ၃ | | | ✔ | | |
| ၄။ | စာသင်ကျောင်းဆောင်အား တိုးချဲ့အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၄ | | | | ✔ | |
| ၅။ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည် ဆောက်ခြင်း | ၅ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထုစ၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာတွင်းလမ်း**ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း** | | | ✔ | | |
| ၂။ | လျှပ်စစ်မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၃။ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေးဆောင်ရွက်ခြင်း | | | ✔ | | |
| ၄။ | စာသင်ကျောင်းဆောင်အားတိုးချဲ့အဆင့် မြှင့်တင်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၅။ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည် ဆောက်ခြင်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေ ခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မ တတ်နိုင်သောအကူအညီများရယူဆောင်ရွက် ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ် ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊
  ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်း များ သတ်မှတ်မည်။

